■改編自：多元文化繪本
□自編

111 年新北市各級學校東南亞語文競賽
團體朗讀文稿 緬甸 語 國高中 組 A-1

# နှစ်သစ်ကူးသင်္ကြန်ပွဲတော်

မြန်မာနိုင်ငံရဲ့ နှစ်သစ်ကူးကာလအတွင်း လမ်းပေါ်မှာအရမ်းစည်ကားတယ်။ အလှပြယာဉ်တွေစီတန်းလှည့်ပတ်ခြင်း၊ အချစ်သီချင်းများ တွဲဖက်သီဆိုခြင်းနဲ့ ရိုးရာအကများကပြဖျော်ဖြေနေကြတယ်။

နှစ်ဟောင်းက အညစ်အကြေးတွေကို ဆေးကြောသန့်ရှင်းတဲ့အနေနဲ့ တစ်ဦးနဲ့တစ်ဦးရေပက်ကစားကြတယ်။ ဒါ့အပြင် နှစ်သစ်မှာ ကျန်းမာပြီး အန္တရာယ်ကင်းရှင်း ကြပါစေလို့ ဆုတောင်းပေးကြတယ်။

ဖေဖေနဲ့မေမေက ဘွားဘွားကို ထိုင်ကန်တော့ကြတယ်။ ဘွားဘွားက ဖေဖေနဲ့မေမေကိုကျန်းမာပါစေ ၊ အလုပ်အကိုင်အဆင်ပြေပါစေလို့ ဆုတောင်းပေးတယ်။

ကလေးတွေက ဘွားဘွားကို လက်သည်းခြေသည်း ညှပ်ပေးပြီး ၊ ခေါင်းလည်း လျှော်ပေးကြတယ်။ ဘွားဘွားက ကလေးတွေကိုဘေးကင်းစွာ ကြီးပြင်းကြပါစေလို့ ဆုတောင်းပေးတယ်။

ဘွားဘွားက ဓါတ်ပုံစာအုပ် ယူလာပြီး "အရင်တုန်းက ဘွားဘွားတို့ မြန်မာပြည်မှာနှစ်သစ်ကူးရင် အင်္ကျီအသစ် ဝတ်ကြတယ်။ ပန်း၊ သစ်သီးနဲ့ အစားအစာတွေကို

ဘုန်းကြီးကျောင်းကို ယူသွားပြီး ဆွမ်းကပ်ကြတယ်။ ဈေးထဲမှာ ငါးကလေးနဲ့ ငှက်ကလေးတွေ ရောင်းတဲ့ဈေးသည်တွေ ရှိတယ်။ လူတွေက ငါးကလေးနဲ့ငှက်ကလေးတွေကို ဝယ်ပြီးဘေးမဲ့လွှတ်ကြတယ်။ ဘွားဘွားတို့လည်း ဆွေမျိုးနဲ့

့သူငယ်ချင်းတွေဆီကို

သွားလည်လေ့ရှိပြီး ၊ အချင်းချင်း ရေပက်ကစားကြကာ ဆုမွန်ကောင်း

တောင်းပေးကြ

တယ်။ နောက်ပြီး ကလေးနဲ့လူကြီးတွေက မုန့်လုံးရေပေါ်လုံးကြတယ်။ ငရုတ်သီး ထည့်ထားတဲ့ မုန့်လုံးရေပေါ်က တစ်လုံးပဲပါတယ်။ စားမိတဲ့သူက ကံကောင်းလိမ့်မယ်။″ လို့ ပြောပြတယ်။